# မြန်မာနိုင်ငံပိုင်နက်ပင်လယ်နှင့် ပင်လယ်ဇုန်များဥပဒေ

[ ၁၇.၀၇.၂၀၁၇ ] [ ၁၇.၀၇.၂၀၁၇ ] [ (၂၀၁၇ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၁၄။) ]

## အခန်း (၁)
## အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို မြန်မာနိုင်ငံပိုင်နက်ပင်လယ်နှင့် ပင်လယ်ဇုန်များဥပဒေ ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **နိုင်ငံတော်** ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကို ဆိုသည်။

(ခ) **အစိုးရအဖွဲ့** ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့ကို ဆိုသည်။

(ဂ) **သက်ဆိုင်ရာဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုအစိုးရအဖွဲ့က တာဝန်ပေးအပ်ထားသော ပြည်ထောင်စုဝန်ကြီးဌာနကို ဆိုသည်။

(ဃ) **ပင်လယ်ဇုန်များ** ဆိုသည်မှာ ပိုင်နက်ပင်လယ်၊ ဆက်စပ်ဇုန်၊ သီးသန့်စီးပွားရေးဇုန်နှင့် ကမ်းလွန်ရေတိမ်ပိုင်းတို့ အပါအဝင် နိုင်ငံတော်နှင့် သက်ဆိုင်သည့် ပင်လယ်ဇုန်များကို ဆိုသည်။

(င) **အခြေခံမျဉ်းများ** ဆိုသည်မှာ ဤဥပဒေ၏ နောက်ဆက်တွဲ (က)တွင် သတ်မှတ်ဖော်ပြထားသည့် အခြေခံမျဉ်းများကို ဆိုသည်။

(စ) **အတွင်းပိုင်းရေပြင်** ဆိုသည်မှာ ပိုင်နက်ပင်လယ်ကို စတင်သတ်မှတ်သည့် အခြေခံမျဉ်းမှ ကုန်းတွင်းဘက်ရှိ ရေပိုင်နက်ကို ဆိုသည်။